| ၃၆၃၄၀။ | ၈၂၃၅၁၁ | တပ်ကြပ် | ဇော်ဝင်း |
| ၃၆၃၄၁။ | ၈၂၃၅၆၇ | တပ်ကြပ် | နိုင်ဝင်း |
| ၃၆၃၄၂။ | ၈၂၃၅၇၀ | တပ်ကြပ် | ဇော်ဝင်းအောင် |
| ၃၆၃၄၃။ | ၈၂၃၅၈၀ | တပ်ကြပ် | သာအောင် |
| ၃၆၃၄၄။ | ၈၂၃၅၉၃ | တပ်ကြပ် | ဆန်းမင်း |
| ၃၆၃၄၅။ | ၈၂၃၆၆၉ | တပ်ကြပ် | ဇော်ဦး |
| ၃၆၃၄၆။ | ၈၂၃၆၈၆ | တပ်ကြပ် | ယိုလီဆာ |
| ၃၆၃၄၇။ | ၈၂၃၆၉၄ | တပ်ကြပ် | ဇော်မင်းထွန်း |
| ၃၆၃၄၈။ | ၈၂၃၇၀၂ | တပ်ကြပ် | ထွန်းထွန်းလတ် |
| ၃၆၃၄၉။ | ၈၂၃၇၀၆ | တပ်ကြပ် | အောင်တိုင်းဝင်း |
| ၃၆၃၅၀။ | ၈၂၃၇၀၇ | တပ်ကြပ် | ကျော်စွာဝင်း |
| ၃၆၃၅၁။ | ၈၂၃၇၁၀ | တပ်ကြပ် | သိန်းထွေး |
| ၃၆၃၅၂။ | ၈၂၃၇၄၂ | တပ်ကြပ် | ထွန်းထွန်းနိုင် |
| ၃၆၃၅၃။ | ၈၂၃၇၇၃ | တပ်ကြပ် | မောင်အေး |
| ၃၆၃၅၄။ | ၈၂၃၇၇၈ | တပ်ကြပ် | ကျော်မိုးသူ |
| ၃၆၃၅၅။ | ၈၂၃၇၉၄ | တပ်ကြပ် | ကျော်ဝင်းချေ |
| ၃၆၃၅၆။ | ၈၂၃၈၀၆ | တပ်ကြပ် | ကျော်ကျော်ဝင်း |
| ၃၆၃၅၇။ | ၈၂၃၈၂၀ | တပ်ကြပ် | မြင့်ကြည် |
| ၃၆၃၅၈။ | ၈၂၃၈၄၀ | တပ်ကြပ် | ကိုကိုဦး |
| ၃၆၃၅၉။ | ၈၂၃၈၅၅ | တပ်ကြပ် | တင်မျိုးအောင် |
| ၃၆၃၆၀။ | ၈၂၃၈၆၈ | တပ်ကြပ် | အောင်စိုးမိုး |
| ၃၆၃၆၁။ | ၈၂၃၈၈၉ | တပ်ကြပ် | ထိန်ဝင်းအောင် |
| ၃၆၃၆၂။ | ၈၂၃၈၉၉ | တပ်ကြပ် | ဖြူထွေး |
| ၃၆၃၆၃။ | ၈၂၃၉၀၀ | တပ်ကြပ် | နိုင်လင်း |
| ၃၆၃၆၄။ | ၈၂၃၉၀၉ | တပ်ကြပ် | စိုးကိုလှိုင် |
| ၃၆၃၆၅။ | ၈၂၃၉၂၃ | တပ်ကြပ် | မျိုးသန့် |
| ၃၆၃၆၆။ | ၈၂၃၉၂၅ | တပ်ကြပ် | မင်းအောင် |
| ၃၆၃၆၇။ | ၈၂၃၉၃၃ | တပ်ကြပ် | ဇော်မင်းဦး |
| ၃၆၃၆၈။ | ၈၂၃၉၃၄ | တပ်ကြပ် | အောင်မျိုး |
| ၃၆၃၆၉။ | ၈၂၃၉၃၇ | တပ်ကြပ် | ခင်မောင်ဦး |
| ၃၆၃၇၀။ | ၈၂၃၉၉၄ | တပ်ကြပ် | မျိုးထွန်း |
| ၃၆၃၇၁။ | ၈၂၄၀၀၁ | တပ်ကြပ် | ကျော်မျိုးလှိုင် |
| ၃၆၃၇၂။ | ၈၂၄၀၅၁ | တပ်ကြပ် | မင်းအောင် |
| ၃၆၃၇၃။ | ၈၂၄၀၆၁ | တပ်ကြပ် | အောင်သူ |
| ၃၆၃၇၄။ | ၈၂၄၁၁၆ | တပ်ကြပ် | ဇော်ဝင်း |
| ၃၆၃၇၅။ | ၈၂၄၁၂၀ | တပ်ကြပ် | စံလင်း |
| ၃၆၃၇၆။ | ၈၂၄၁၂၄ | တပ်ကြပ် | ဖိုးတလုပ် |
| ၃၆၃၇၇။ | ၈၂၄၁၅၀ | တပ်ကြပ် | မြင့်လွင် |
| ၃၆၃၇၈။ | ၈၂၄၂၄၆ | တပ်ကြပ် | ဇော်ထိုက် |
| ၃၆၃၇၉။ | ၈၂၄၂၅၂ | တပ်ကြပ် | ဝင်းနိုင် |
| ၃၆၃၈၀။ | ၈၂၄၂၆၃ | တပ်ကြပ် | ထွီးလှခိုင် |
| ၃၆၃၈၁။ | ၈၂၄၂၈၇ | တပ်ကြပ် | ချစ်ဦး |
| ၃၆၃၈၂။ | ၈၂၄၂၉၀ | တပ်ကြပ် | သန်းဦး |
| ၃၆၃၈၃။ | ၈၂၄၃၂၄ | တပ်ကြပ် | ကျော်နိုင် |
| ၃၆၃၈၄။ | ၈၂၄၃၂၅ | တပ်ကြပ် | ဆန်းဝင်း |
| ၃၆၃၈၅။ | ၈၂၄၃၄၃ | တပ်ကြပ် | လှိုင်ဦး |
| ၃၆၃၈၆။ | ၈၂၄၃၅၅ | တပ်ကြပ် | သောင်းချစ် |
| ၃၆၃၈၇။ | ၈၂၄၃၇၄ | တပ်ကြပ် | ဇော်ဝင်း |
| ၃၆၃၈၈။ | ၈၂၄၄၁၉ | တပ်ကြပ် | ချောမောင် |
| ၃၆၃၈၉။ | ၈၂၄၄၂၆ | တပ်ကြပ် | ဆန်းထွန်း |
| ၃၆၃၉၀။ | ၈၂၄၄၂၉ | တပ်ကြပ် | သိန်းဝင်း |
| ၃၆၃၉၁။ | ၈၂၄၄၅၅ | တပ်ကြပ် | ဝင်းနိုင် |
| ၃၆၃၉၂။ | ၈၂၄၄၇၇ | တပ်ကြပ် | အောင်နွယ်ဦး |
| ၃၆၃၉၃။ | ၈၂၄၄၈၃ | တပ်ကြပ် | ကိုကိုဦး |
| ၃၆၃၉၄။ | ၈၂၄၄၈၅ | တပ်ကြပ် | ညဏ်ထွန်း |
| ၃၆၃၉၅။ | ၈၂၄၅၀၄ | တပ်ကြပ် | ခင်ဇော်ဦး |
| ၃၆၃၉၆။ | ၈၂၄၅၁၃ | တပ်ကြပ် | မြင့်ရွှေ |
| ၃၆၃၉၇။ | ၈၂၄၅၈၂ | တပ်ကြပ် | ကျော်စိုးနိုင် |
| ၃၆၃၉၈။ | ၈၂၄၅၉၈ | တပ်ကြပ် | ထောင်ချစ် |
| ၃၆၃၉၉။ | ၈၂၄၆၂၉ | တပ်ကြပ် | ပဒီးဖြူ |
| ၃၆၄၀၀။ | ၈၂၄၇၈၀ | တပ်ကြပ် | သန်းမျိုး |
| ၃၆၄၀၁။ | ၈၂၄၈၀၇ | တပ်ကြပ် | ဖိုးစိန် |
| ၃၆၄၀၂။ | ၈၂၄၈၄၂ | တပ်ကြပ် | လှမြင့် |
| ၃၆၄၀၃။ | ၈၂၄၈၆၅ | တပ်ကြပ် | ထွန်းထွန်းဦး |
| ၃၆၄၀၄။ | ၈၂၄၈၇၁ | တပ်ကြပ် | ဝင်းနိုင် |
| ၃၆၄၀၅။ | ၈၂၄၈၇၂ | တပ်ကြပ် | နိုင်လွင် |
| ၃၆၄၀၆။ | ၈၂၄၈၇၉ | တပ်ကြပ် | စိုးမင်း |
| ၃၆၄၀၇။ | ၈၂၄၉၂၄ | တပ်ကြပ် | အေးလွင် |
| ၃၆၄၀၈။ | ၈၂၄၉၃၃ | တပ်ကြပ် | ကျော်ဝေလွင် |
| ၃၆၄၀၉။ | ၈၂၄၉၅၂ | တပ်ကြပ် | ကိုကိုကျော် |
| ၃၆၄၁၀။ | ၈၂၅၀၁၂ | တပ်ကြပ် | ဇော်လင်းထွန်း |
| ၃၆၄၁၁။ | ၈၂၅၀၁၈ | တပ်ကြပ် | ဝင်းကြိုင် |
| ၃၆၄၁၂။ | ၈၂၅၀၂၅ | တပ်ကြပ် | ထွန်းထွန်းလေး |
| ၃၆၄၁၃။ | ၈၂၅၀၉၇ | တပ်ကြပ် | ပေါင်ဒါးလ် |
| ၃၆၄၁၄။ | ၈၂၅၂၁၇ | တပ်ကြပ် | အောင်လင်းဦး |
| ၃၆၄၁၅။ | ၈၂၅၂၄၇ | တပ်ကြပ် | ဝင်းမောင် |
| ၃၆၄၁၆။ | ၈၂၅၃၈၄ | တပ်ကြပ် | မြင့်အောင် |
| ၃၆၄၁၇။ | ၈၂၅၆၅၂ | တပ်ကြပ် | ကျော်စိုးနိုင် |
| ၃၆၄၁၈။ | ၈၂၅၆၅၆ | တပ်ကြပ် | ကျော်စိုး |
| ၃၆၄၁၉။ | ၈၂၅၆၈၈ | တပ်ကြပ် | ကျော်ငြိမ်း |
| ၃၆၄၂၀။ | ၈၂၅၇၅၅ | တပ်ကြပ် | ဇော်ထွန်း |
| ၃၆၄၂၁။ | ၈၂၅၇၉၈ | တပ်ကြပ် | ရဲဝင်း |
| ၃၆၄၂၂။ | ၈၂၅၈၂၃ | တပ်ကြပ် | ကြည်ဝင်း |
| ၃၆၄၂၃။ | ၈၂၅၈၃၇ | တပ်ကြပ် | ပိုင်စိုး |
| ၃၆၄၂၄။ | ၈၂၅၈၆၇ | တပ်ကြပ် | မိုးအောင် |
| ၃၆၄၂၅။ | ၈၂၅၈၇၅ | တပ်ကြပ် | အောင်မင်းဦး |
| ၃၆၄၂၆။ | ၈၂၅၈၈၇ | တပ်ကြပ် | ထွန်းဝင်း |
| ၃၆၄၂၇။ | ၈၂၅၈၉၈ | တပ်ကြပ် | မင်းသူ |
| ၃၆၄၂၈။ | ၈၂၅၉၄၂ | တပ်ကြပ် | တင်ထွန်းနောင် |

| | | | |
|---|---|---|---|
| ၃၆၄၂၉။ | ၈၂၅၉၅၀ | တပ်ကြပ် | ထွန်းဝေ |
| ၃၆၄၃၀။ | ၈၂၅၉၉၅ | တပ်ကြပ် | အောင်မြတ်ကျော်သူ |
| ၃၆၄၃၁။ | ၈၂၆၀၁၅ | တပ်ကြပ် | အေးမြင့် |
| ၃၆၄၃၂။ | ၈၂၆၁၀၃ | တပ်ကြပ် | ငွေစိုး |
| ၃၆၄၃၃။ | ၈၂၆၁၅၆ | တပ်ကြပ် | မြင့်ဦး |
| ၃၆၄၃၄။ | ၈၂၆၁၆၇ | တပ်ကြပ် | လှဝင်း |
| ၃၆၄၃၅။ | ၈၂၆၁၇၂ | တပ်ကြပ် | အောင်ဇော်မင်း |
| ၃၆၄၃၆။ | ၈၂၆၂၁၃ | တပ်ကြပ် | ဝင်းနိုင် |
| ၃၆၄၃၇။ | ၈၂၆၂၂၃ | တပ်ကြပ် | ဖုန်းမောင် |
| ၃၆၄၃၈။ | ၈၂၆၂၂၉ | တပ်ကြပ် | ဝင်းထွန်း |
| ၃၆၄၃၉။ | ၈၂၆၂၅၀ | တပ်ကြပ် | အောင်လင်းဆန်း |
| ၃၆၄၄၀။ | ၈၂၆၂၅၇ | တပ်ကြပ် | ဟန်ဝင်းအောင် |
| ၃၆၄၄၁။ | ၈၂၆၂၆၉ | တပ်ကြပ် | ဆန်းဦး |
| ၃၆၄၄၂။ | ၈၂၆၂၉၆ | တပ်ကြပ် | လုံးအောင် |
| ၃၆၄၄၃။ | ၈၂၆၃၂၈ | တပ်ကြပ် | ကျော်ခင် |
| ၃၆၄၄၄။ | ၈၂၆၃၃၀ | တပ်ကြပ် | ထွန်းထွန်း |
| ၃၆၄၄၅။ | ၈၂၆၃၃၅ | တပ်ကြပ် | သန်းထွန်းအေး |
| ၃၆၄၄၆။ | ၈၂၆၃၄၈ | တပ်ကြပ် | သိန်းမောင် |
| ၃၆၄၄၇။ | ၈၂၆၃၇၅ | တပ်ကြပ် | တင်စိုး |
| ၃၆၄၄၈။ | ၈၂၆၃၈၈ | တပ်ကြပ် | သန်းဇော် |
| ၃၆၄၄၉။ | ၈၂၆၃၉၅ | တပ်ကြပ် | သက်ဝင်း |
| ၃၆၄၅၀။ | ၈၂၆၄၀၅ | တပ်ကြပ် | ဝင်းတင်ဌေး |
| ၃၆၄၅၁။ | ၈၂၆၅၃၃ | တပ်ကြပ် | လင်းအောင် |
| ၃၆၄၅၂။ | ၈၂၆၅၄၆ | တပ်ကြပ် | ခင်မောင်ဌေး |
| ၃၆၄၅၃။ | ၈၂၆၇၂၈ | တပ်ကြပ် | သန်းလှ |
| ၃၆၄၅၄။ | ၈၂၆၇၉၆ | တပ်ကြပ် | ဇော်ဝင်း |
| ၃၆၄၅၅။ | ၈၂၆၈၀၂ | တပ်ကြပ် | မြင့်ကျော် |
| ၃၆၄၅၆။ | ၈၂၆၈၀၈ | တပ်ကြပ် | ကျော်ဆန်း |
| ၃၆၄၅၇။ | ၈၂၆၈၃၇ | တပ်ကြပ် | ဝင်းဇော်ဦး |
| ၃၆၄၅၈။ | ၈၂၆၈၅၇ | တပ်ကြပ် | ချစ်သန်း |
| ၃၆၄၅၉။ | ၈၂၇၂၅၀ | တပ်ကြပ် | ဖိုးချို |
| ၃၆၄၆၀။ | ၈၂၇၂၇၆ | တပ်ကြပ် | ကိုဇော် |
| ၃၆၄၆၁။ | ၈၂၇၂၈၀ | တပ်ကြပ် | သက်လွင် |
| ၃၆၄၆၂။ | ၈၂၇၂၈၄ | တပ်ကြပ် | ဖိုးဇော် |
| ၃၆၄၆၃။ | ၈၂၇၂၉၃ | တပ်ကြပ် | ဆန်းဝင်း |
| ၃၆၄၆၄။ | ၈၂၇၂၉၆ | တပ်ကြပ် | မောင်မောင်ကြိုင် |
| ၃၆၄၆၅။ | ၈၂၇၂၉၇ | တပ်ကြပ် | နိုင်ဝင်း |
| ၃၆၄၆၆။ | ၈၂၇၃၀၁ | တပ်ကြပ် | ညီညီ |
| ၃၆၄၆၇။ | ၈၂၇၃၀၂ | တပ်ကြပ် | ကျော်မိုး |
| ၃၆၄၆၈။ | ၈၂၇၃၀၄ | တပ်ကြပ် | ထွန်းလှိုင် |
| ၃၆၄၆၉။ | ၈၂၇၃၀၅ | တပ်ကြပ် | မြင့်ဆွေ |
| ၃၆၄၇၀။ | ၈၂၇၃၀၉ | တပ်ကြပ် | တင်ဇော်နိုင် |
| ၃၆၄၇၁။ | ၈၂၇၃၁၀ | တပ်ကြပ် | သက်နိုင်ဝင်း |
| ၃၆၄၇၂။ | ၈၂၇၃၁၂ | တပ်ကြပ် | ထွန်းထွန်းဝင်း |
| ၃၆၄၇၃။ | ၈၂၇၃၁၃ | တပ်ကြပ် | မောင်ကို |
| ၃၆၄၇၄။ | ၈၂၇၃၁၉ | တပ်ကြပ် | မျိုးဇော် |
| ၃၆၄၇၅။ | ၈၂၇၃၂၉ | တပ်ကြပ် | ခင်ဇော်ဝင်း |
| ၃၆၄၇၆။ | ၈၂၇၃၃၂ | တပ်ကြပ် | ကြည်စိန် |
| ၃၆၄၇၇။ | ၈၂၇၃၃၆ | တပ်ကြပ် | အောင်နိုင်စိုး |
| ၃၆၄၇၈။ | ၈၂၇၃၄၁ | တပ်ကြပ် | အေးလွင် |
| ၃၆၄၇၉။ | ၈၂၇၃၄၈ | တပ်ကြပ် | သန့်စင် |
| ၃၆၄၈၀။ | ၈၂၇၃၅၄ | တပ်ကြပ် | ကျော်စိုးမိုး |
| ၃၆၄၈၁။ | ၈၂၇၃၇၁ | တပ်ကြပ် | ဝင်းထွန်း |
| ၃၆၄၈၂။ | ၈၂၇၃၇၅ | တပ်ကြပ် | မြင့်အောင် |
| ၃၆၄၈၃။ | ၈၂၇၃၇၉ | တပ်ကြပ် | ကျော်မိုး |
| ၃၆၄၈၄။ | ၈၂၇၃၈၈ | တပ်ကြပ် | ရဲညွန့် |
| ၃၆၄၈၅။ | ၈၂၇၃၈၉ | တပ်ကြပ် | မြခိုင် |
| ၃၆၄၈၆။ | ၈၂၇၄၂၃ | တပ်ကြပ် | ဝင်းနိုင် |
| ၃၆၄၈၇။ | ၈၂၇၄၉၅ | တပ်ကြပ် | အေးထွန်း |
| ၃၆၄၈၈။ | ၈၂၇၅၀၃ | တပ်ကြပ် | မြဌေး |
| ၃၆၄၈၉။ | ၈၂၇၅၁၁ | တပ်ကြပ် | ကျော်သူရ |
| ၃၆၄၉၀။ | ၈၂၇၅၇၃ | တပ်ကြပ် | ဝင်းထိန် |
| ၃၆၄၉၁။ | ၈၂၇၅၇၅ | တပ်ကြပ် | မြင့်ဇော် |
| ၃၆၄၉၂။ | ၈၂၇၅၉၁ | တပ်ကြပ် | လှစိုး |
| ၃၆၄၉၃။ | ၈၂၇၆၀၇ | တပ်ကြပ် | သန့်ဇင် |
| ၃၆၄၉၄။ | ၈၂၇၆၁၃ | တပ်ကြပ် | သန်းထိုက် |
| ၃၆၄၉၅။ | ၈၂၇၆၆၂ | တပ်ကြပ် | မောင်ပြုံး |
| ၃၆၄၉၆။ | ၈၂၇၆၉၄ | တပ်ကြပ် | မြင့်ဆွေ |
| ၃၆၄၉၇။ | ၈၂၇၇၇၂ | တပ်ကြပ် | တင်ရွှေ |
| ၃၆၄၉၈။ | ၈၂၇၈၃၂ | တပ်ကြပ် | ဇော်ဝင်းနိုင် |
| ၃၆၄၉၉။ | ၈၂၇၈၄၁ | တပ်ကြပ် | မြင့်ဦး |
| ၃၆၅၀၀။ | ၈၂၇၈၆၆ | တပ်ကြပ် | စိုးရွှေ |
| ၃၆၅၀၁။ | ၈၂၇၈၇၄ | တပ်ကြပ် | မျိုးရွှေ |
| ၃၆၅၀၂။ | ၈၂၇၈၈၀ | တပ်ကြပ် | တင်မြိုင် |
| ၃၆၅၀၃။ | ၈၂၇၈၈၈ | တပ်ကြပ် | လှမြိုင် |
| ၃၆၅၀၄။ | ၈၂၇၉၀၂ | တပ်ကြပ် | ရဲမြင့် |
| ၃၆၅၀၅။ | ၈၂၇၉၀၄ | တပ်ကြပ် | မင်းဇော်ထူး |
| ၃၆၅၀၆။ | ၈၂၇၉၁၈ | တပ်ကြပ် | တင်မြင့်ထွန်း |
| ၃၆၅၀၇။ | ၈၂၇၉၂၅ | တပ်ကြပ် | ဇော်သန်းလတ် |
| ၃၆၅၀၈။ | ၈၂၇၉၄၀ | တပ်ကြပ် | မြင့်ဌေး |
| ၃၆၅၀၉။ | ၈၂၇၉၄၁ | တပ်ကြပ် | စိုးနိုင် |
| ၃၆၅၁၀။ | ၈၂၇၉၄၈ | တပ်ကြပ် | တင်ဝင်း |
| ၃၆၅၁၁။ | ၈၂၇၉၅၀ | တပ်ကြပ် | တင်ဦး |
| ၃၆၅၁၂။ | ၈၂၇၉၆၁ | တပ်ကြပ် | အောင်မင်း |
| ၃၆၅၁၃။ | ၈၂၇၉၆၂ | တပ်ကြပ် | ခင်ဇော် |
| ၃၆၅၁၄။ | ၈၂၇၉၆၆ | တပ်ကြပ် | မြင့်ဆန်း |
| ၃၆၅၁၅။ | ၈၂၇၉၇၁ | တပ်ကြပ် | ကိုကိုအောင် |
| ၃၆၅၁၆။ | ၈၂၇၉၈၈ | တပ်ကြပ် | ညိုတင် |
| ၃၆၅၁၇။ | ၈၂၇၉၈၉ | တပ်ကြပ် | မြင့်ဆွေ |
| ၃၆၅၁၈။ | ၈၂၈၀၀၁ | တပ်ကြပ် | ဝင်းဌေး |
| ၃၆၅၁၉။ | ၈၂၈၀၁၁ | တပ်ကြပ် | ဝင်းကျော်ဦး |
| ၃၆၅၂၀။ | ၈၂၈၀၂၁ | တပ်ကြပ် | သိန်းဦး |
| ၃၆၅၂၁။ | ၈၂၈၁၈၄ | တပ်ကြပ် | ထွန်းရင် |
| ၃၆၅၂၂။ | ၈၂၈၁၉၇ | တပ်ကြပ် | သိန်းတန် |
| ၃၆၅၂၃။ | ၈၂၈၂၀၈ | တပ်ကြပ် | စိုးမျိုးထိုက် |
| ၃၆၅၂၄။ | ၈၂၈၂၃၆ | တပ်ကြပ် | ခင်မောင်အေး |
| ၃၆၅၂၅။ | ၈၂၈၂၄၆ | တပ်ကြပ် | ဝင်းရွှေ |
| ၃၆၅၂၆။ | ၈၂၈၃၇၈ | တပ်ကြပ် | အောင်ဆွေဦး |
| ၃၆၅၂၇။ | ၈၂၈၄၇၉ | တပ်ကြပ် | ခင်မောင်ဝင်း |
| ၃၆၅၂၈။ | ၈၂၈၄၈၃ | တပ်ကြပ် | ဆန်ဒေါင်းဖုန် |
| ၃၆၅၂၉။ | ၈၂၈၅၁၅ | တပ်ကြပ် | ကျော်မိုးနိုင် |
| ၃၆၅၃၀။ | ၈၂၈၅၂၃ | တပ်ကြပ် | ဘိုအောင် |
| ၃၆၅၃၁။ | ၈၂၈၅၃၁ | တပ်ကြပ် | ဇော်ခင် |
| ၃၆၅၃၂။ | ၈၂၈၅၃၇ | တပ်ကြပ် | တင်ထား |
| ၃၆၅၃၃။ | ၈၂၈၅၇၁ | တပ်ကြပ် | စိုင်းမျိုးဇော် |
| ၃၆၅၃၄။ | ၈၂၈၅၈၁ | တပ်ကြပ် | ကြည်စိုး |
| ၃၆၅၃၅။ | ၈၂၈၅၈၇ | တပ်ကြပ် | သန်းကျော်စိုး |
| ၃၆၅၃၆။ | ၈၂၈၆၀၇ | တပ်ကြပ် | သန်းဇော်ဦး |
| ၃၆၅၃၇။ | ၈၂၈၇၃၀ | တပ်ကြပ် | လှမြင့် |
| ၃၆၅၃၈။ | ၈၂၈၇၆၁ | တပ်ကြပ် | ဌေးလွင် |
| ၃၆၅၃၉။ | ၈၂၈၈၂၀ | တပ်ကြပ် | ဆန်းညွန့်အောင် |
| ၃၆၅၄၀။ | ၈၂၈၈၂၇ | တပ်ကြပ် | နေမျိုးထွန်း |

| | | | |
|---|---|---|---|
| ၃၆၅၄၁။ | ၈၂၈၈၄၁ | တပ်ကြပ် | ထွန်းထွန်းနိုင် |
| ၃၆၅၄၂။ | ၈၂၈၈၄၅ | တပ်ကြပ် | စီစီထွန်း |
| ၃၆၅၄၃။ | ၈၂၈၉၃၆ | တပ်ကြပ် | ဝင်းနိုင် |
| ၃၆၅၄၄။ | ၈၂၈၉၉၇ | တပ်ကြပ် | ကိုကိုဇော် |
| ၃၆၅၄၅။ | ၈၂၉၀၆၄ | တပ်ကြပ် | ခင်လှိုင် |
| ၃၆၅၄၆။ | ၈၂၉၂၅၂ | တပ်ကြပ် | ဝင်းကို |
| ၃၆၅၄၇။ | ၈၂၉၂၇၂ | တပ်ကြပ် | အောင်စိုးလင်း |
| ၃၆၅၄၈။ | ၈၂၉၂၇၆ | တပ်ကြပ် | ရန်နိုင် |
| ၃၆၅၄၉။ | ၈၂၉၃၇၀ | တပ်ကြပ် | သန်းလွင် |
| ၃၆၅၅၀။ | ၈၂၉၃၇၃ | တပ်ကြပ် | ငွေးအောင် |
| ၃၆၅၅၁။ | ၈၂၉၃၉၀ | တပ်ကြပ် | လွမ်းသူ |
| ၃၆၅၅၂။ | ၈၂၉၅၀၅ | တပ်ကြပ် | သန်းညွန့် |
| ၃၆၅၅၃။ | ၈၂၉၅၁၄ | တပ်ကြပ် | ကျော်ဆန်း |
| ၃၆၅၅၄။ | ၈၂၉၅၁၇ | တပ်ကြပ် | ကျော်သိန်း |
| ၃၆၅၅၅။ | ၈၂၉၅၁၉ | တပ်ကြပ် | စောတင်မောင် |
| ၃၆၅၅၆။ | ၈၂၉၆၃၇ | တပ်ကြပ် | မင်းမင်းကျော် |
| ၃၆၅၅၇။ | ၈၂၉၆၅၁ | တပ်ကြပ် | ကျော်ထက်ဝင်း |
| ၃၆၅၅၈။ | ၈၂၉၇၇၄ | တပ်ကြပ် | ထွန်းဇော်ဦး |
| ၃၆၅၅၉။ | ၈၂၉၇၇၈ | တပ်ကြပ် | မျိုးထွေး |
| ၃၆၅၆၀။ | ၈၂၉၈၁၂ | တပ်ကြပ် | စိန်ဝင်း |
| ၃၆၅၆၁။ | ၈၂၉၈၁၆ | တပ်ကြပ် | အောင်မိုး |
| ၃၆၅၆၂။ | ၈၂၉၈၆၀ | တပ်ကြပ် | ဇော်မျိုးဝင်း |
| ၃၆၅၆၃။ | ၈၃၀၁၀၆ | တပ်ကြပ် | သန်းဦး |
| ၃၆၅၆၄။ | ၈၃၀၁၂၈ | တပ်ကြပ် | ကျော်နိုင် |
| ၃၆၅၆၅။ | ၈၃၀၂၂၄ | တပ်ကြပ် | တင်စိုး |
| ၃၆၅၆၆။ | ၈၃၀၂၇၃ | တပ်ကြပ် | တင်လှ |
| ၃၆၅၆၇။ | ၈၃၀၂၈၃ | တပ်ကြပ် | အေးဗိုလ် |
| ၃၆၅၆၈။ | ၈၃၀၃၁၃ | တပ်ကြပ် | ထွန်းကြည် |
| ၃၆၅၆၉။ | ၈၃၀၃၁၉ | တပ်ကြပ် | သန်းဇော်အောင် |
| ၃၆၅၇၀။ | ၈၃၀၃၆၃ | တပ်ကြပ် | ဇော်ဝင်း |
| ၃၆၅၇၁။ | ၈၃၀၃၆၆ | တပ်ကြပ် | ခင်ဇော် |
| ၃၆၅၇၂။ | ၈၃၀၄၂၈ | တပ်ကြပ် | မောင်ဇော် |
| ၃၆၅၇၃။ | ၈၃၀၄၆၆ | တပ်ကြပ် | ကျော်စိုးမိုး |
| ၃၆၅၇၄။ | ၈၃၀၄၇၆ | တပ်ကြပ် | ခင်မောင်သန်း |
| ၃၆၅၇၅။ | ၈၃၀၅၁၄ | တပ်ကြပ် | ထွန်းထွန်းဝင်း |
| ၃၆၅၇၆။ | ၈၃၀၅၁၅ | တပ်ကြပ် | သူရ |
| ၃၆၅၇၇။ | ၈၃၀၅၂၅ | တပ်ကြပ် | စံအောင် |
| ၃၆၅၇၈။ | ၈၃၀၅၃၄ | တပ်ကြပ် | ဇော်လင်းအောင် |
| ၃၆၅၇၉။ | ၈၃၀၅၇၃ | တပ်ကြပ် | မြင့်ကျော် |
| ၃၆၅၈၀။ | ၈၃၀၆၀၇ | တပ်ကြပ် | ကျော်မိုးနိုင် |
| ၃၆၅၈၁။ | ၈၃၀၆၄၈ | တပ်ကြပ် | ထွန်းဝင်းစိုး |
| ၃၆၅၈၂။ | ၈၃၀၆၇၈ | တပ်ကြပ် | သန်းစိုး |
| ၃၆၅၈၃။ | ၈၃၀၆၈၇ | တပ်ကြပ် | ဇော်လွင် |
| ၃၆၅၈၄။ | ၈၃၀၆၉၉ | တပ်ကြပ် | သန်းဇော် |
| ၃၆၅၈၅။ | ၈၃၀၇၄၃ | တပ်ကြပ် | တင်မျိုးအောင် |
| ၃၆၅၈၆။ | ၈၃၀၇၄၇ | တပ်ကြပ် | စိုးဝင်း |
| ၃၆၅၈၇။ | ၈၃၀၇၇၂ | တပ်ကြပ် | ဇော်ဝမ်း |
| ၃၆၅၈၈။ | ၈၃၀၇၉၁ | တပ်ကြပ် | ဝင်းဇော် |
| ၃၆၅၈၉။ | ၈၃၀၈၀၉ | တပ်ကြပ် | တင်ဇော်မျိုး |
| ၃၆၅၉၀။ | ၈၃၀၈၁၀ | တပ်ကြပ် | ကြည်ဝင်း |
| ၃၆၅၉၁။ | ၈၃၀၉၂၁ | တပ်ကြပ် | အောင်မြင့် |
| ၃၆၅၉၂။ | ၈၃၀၉၂၉ | တပ်ကြပ် | စောငွေ |
| ၃၆၅၉၃။ | ၈၃၀၉၄၉ | တပ်ကြပ် | သန်းထွန်းအောင် |
| ၃၆၅၉၄။ | ၈၃၀၉၉၀ | တပ်ကြပ် | ထွန်းလင်း |
| ၃၆၅၉၅။ | ၈၃၁၀၅၀ | တပ်ကြပ် | ကျော်မြတ်သူ |
| ၃၆၅၉၆။ | ၈၃၁၀၆၁ | တပ်ကြပ် | တင်ထွန်းခိုင် |
| ၃၆၅၉၇။ | ၈၃၁၀၈၄ | တပ်ကြပ် | ခင်မောင်အေး |
| ၃၆၅၉၈။ | ၈၃၁၀၉၇ | တပ်ကြပ် | အောင်လွင်ဦး |
| ၃၆၅၉၉။ | ၈၃၁၁၅၃ | တပ်ကြပ် | မြင့်စိုး |
| ၃၆၆၀၀။ | ၈၃၁၁၆၀ | တပ်ကြပ် | အောင်ဘော် |
| ၃၆၆၀၁။ | ၈၃၁၂၀၃ | တပ်ကြပ် | ဝင်းနိုင် |
| ၃၆၆၀၂။ | ၈၃၁၂၁၇ | တပ်ကြပ် | အောင်ဝင်း |
| ၃၆၆၀၃။ | ၈၃၁၃၃၂ | တပ်ကြပ် | ချစ်ကိုကို |
| ၃၆၆၀၄။ | ၈၃၁၃၈၂ | တပ်ကြပ် | မျိုးသက်ဦး |
| ၃၆၆၀၅။ | ၈၃၁၄၃၁ | တပ်ကြပ် | ရာမူ |
| ၃၆၆၀၆။ | ၈၃၁၄၃၂ | တပ်ကြပ် | ထွန်းဦးကျော် |
| ၃၆၆၀၇။ | ၈၃၁၄၃၄ | တပ်ကြပ် | လှမောင်သာ |
| ၃၆၆၀၈။ | ၈၃၁၄၄၁ | တပ်ကြပ် | ကျော်မြင့် |
| ၃၆၆၀၉။ | ၈၃၁၄၆၆ | တပ်ကြပ် | သန်းရွှေ |
| ၃၆၆၁၀။ | ၈၃၁၄၆၇ | တပ်ကြပ် | မျိုးဆန်း |
| ၃၆၆၁၁။ | ၈၃၁၅၀၇ | တပ်ကြပ် | ထွန်းနိုင် |
| ၃၆၆၁၂။ | ၈၃၁၅၃၂ | တပ်ကြပ် | ရဲသန့်ဇော် |
| ၃၆၆၁၃။ | ၈၃၁၅၄၉ | တပ်ကြပ် | အောင်မျိုး |
| ၃၆၆၁၄။ | ၈၃၁၆၆၆ | တပ်ကြပ် | ဇော်ဝင်း |
| ၃၆၆၁၅။ | ၈၃၁၆၉၅ | တပ်ကြပ် | သန်းဇော်ဦး |
| ၃၆၆၁၆။ | ၈၃၁၆၉၆ | တပ်ကြပ် | အောင်ဇော်လင်း |
| ၃၆၆၁၇။ | ၈၃၁၈၇၅ | တပ်ကြပ် | ရဲထွေး |
| ၃၆၆၁၈။ | ၈၃၁၉၁၁ | တပ်ကြပ် | ကျော်ထွန်းလှ |
| ၃၆၆၁၉။ | ၈၃၂၀၁၉ | တပ်ကြပ် | ကျော်စွာဝင်း |
| ၃၆၆၂၀။ | ၈၃၂၀၃၈ | တပ်ကြပ် | မိုးဝင်း |
| ၃၆၆၂၁။ | ၈၃၂၀၆၂ | တပ်ကြပ် | ချစ်ကိုကို |
| ၃၆၆၂၂။ | ၈၃၂၀၈၂ | တပ်ကြပ် | ကျော်လွင် |
| ၃၆၆၂၃။ | ၈၃၂၀၉၇ | တပ်ကြပ် | မြင့်ဝေ |
| ၃၆၆၂၄။ | ၈၃၂၁၀၀ | တပ်ကြပ် | သိန်းဇော်ဦး |
| ၃၆၆၂၅။ | ၈၃၂၁၇၃ | တပ်ကြပ် | ဇော်လွင် |
| ၃၆၆၂၆။ | ၈၃၂၁၈၄ | တပ်ကြပ် | သန်းစိုး |
| ၃၆၆၂၇။ | ၈၃၂၁၉၀ | တပ်ကြပ် | မိုးဟိန်း |
| ၃၆၆၂၈။ | ၈၃၂၁၉၂ | တပ်ကြပ် | သိန်းစိုး |
| ၃၆၆၂၉။ | ၈၃၂၁၉၅ | တပ်ကြပ် | ဒေါင်းချေ |
| ၃၆၆၃၀။ | ၈၃၂၂၃၇ | တပ်ကြပ် | ထွန်းသိန်း |
| ၃၆၆၃၁။ | ၈၃၂၂၄၇ | တပ်ကြပ် | ထွန်းအောင်ကျော် |
| ၃၆၆၃၂။ | ၈၃၂၂၈၉ | တပ်ကြပ် | တင်ဝင်း |
| ၃၆၆၃၃။ | ၈၃၂၃၁၈ | တပ်ကြပ် | ဇော်မင်းနိုင် |
| ၃၆၆၃၄။ | ၈၃၂၃၂၃ | တပ်ကြပ် | မောင်ငွေး |
| ၃၆၆၃၅။ | ၈၃၂၃၆၇ | တပ်ကြပ် | သန်းစိုး |
| ၃၆၆၃၆။ | ၈၃၂၃၇၉ | တပ်ကြပ် | သန်းမြင့်ဇော် |
| ၃၆၆၃၇။ | ၈၃၂၅၁၃ | တပ်ကြပ် | ကြည်မိုး |
| ၃၆၆၃၈။ | ၈၃၂၅၆၆ | တပ်ကြပ် | မျိုးဇော်ဦး |
| ၃၆၆၃၉။ | ၈၃၂၆၄၀ | တပ်ကြပ် | မောင်စန်း |
| ၃၆၆၄၀။ | ၈၃၂၆၈၅ | တပ်ကြပ် | ရဲထွန်း |
| ၃၆၆၄၁။ | ၈၃၂၆၉၀ | တပ်ကြပ် | စန်းလွင်ဦး |
| ၃၆၆၄၂။ | ၈၃၂၇၁၇ | တပ်ကြပ် | မောင်မောင် |
| ၃၆၆၄၃။ | ၈၃၂၇၁၈ | တပ်ကြပ် | ဇော်မင်းအောင် |
| ၃၆၆၄၄။ | ၈၃၂၇၁၉ | တပ်ကြပ် | တင်မောင်ညို |
| ၃၆၆၄၅။ | ၈၃၂၈၀၈ | တပ်ကြပ် | ဇော်ဝင်းထွန်း |
| ၃၆၆၄၆။ | ၈၃၂၈၁၈ | တပ်ကြပ် | ဇော်ဇော် |
| ၃၆၆၄၇။ | ၈၃၂၈၃၁ | တပ်ကြပ် | ခင်မောင်နိုင် |
| ၃၆၆၄၈။ | ၈၃၂၉၂၈ | တပ်ကြပ် | ကျန်ခုံး |
| ၃၆၆၄၉။ | ၈၃၂၉၇၁ | တပ်ကြပ် | ဇော်နိုင်ထွန်း |
| ၃၆၆၅၀။ | ၈၃၃၀၈၉ | တပ်ကြပ် | မောင်မောင်ငွေး |

[ **ဆက်လက်ဖော်ပြပါမည်။** ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်)

**ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ချင်းပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ်လူမှုရေးဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး | အဖွဲ့ဝင် |
| (င) | ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး | အဖွဲ့ဝင် |
| (စ) | ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး | အဖွဲ့ဝင် |
| (ဇ) | လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး | အဖွဲ့ဝင် |
| (ဈ) | ပြည်နယ်ဥပဒေချုပ် | အဖွဲ့ဝင် |
| (ည) | အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်ဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးရုံး | အဖွဲ့ဝင် |
| (ဎ) | ပြည်နယ်အင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ဒေသကြီးကြပ်ရေးမှူးရုံး | အဖွဲ့ဝင် |
| (တ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်နယ်ဦးစီးမှူး<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ပြည်နယ်ဦးစီးမှူး<br>မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ပြည်နယ်ဦးစီးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဥက္ကဋ္ဌ<br>ချင်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ | အဖွဲ့ဝင် |

(ဗ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့

(ဘ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ချင်းပြည်နယ် ကြက်ခြေနီအသင်း

(မ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာပညာရှင်များ/ အဖွဲ့ဝင်
ကျွမ်းကျင်သူများ (၁) ဦး

(ယ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ် (၂) ဦး အဖွဲ့ဝင်

(ရ) ပြည်နယ်ဦးစီးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အတွင်းရေးမှူး

(လ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၈-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

(ခ) ဝန်ကြီး ဒုတိယဥက္ကဋ္ဌ
လူမှုရေးဝန်ကြီးဌာန

(ဂ) ဒုတိယတိုင်းမှူး အဖွဲ့ဝင်
အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ မုံရွာမြို့

(ဃ) ဝန်ကြီး အဖွဲ့ဝင်
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန

(င) ဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ဝန်ကြီး　　အဖွဲ့ဝင်
စည်ပင်သာယာရေးဝန်ကြီးဌာန

(ဈ) ဝန်ကြီး　　အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန

(ည) ဝန်ကြီး　　အဖွဲ့ဝင်
ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန

(ဋ) ဝန်ကြီး　　အဖွဲ့ဝင်
ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန

(ဌ) အတွင်းရေးမှူး　　အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

(ဍ) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး၊ မုံရွာမြို့

(ဎ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မုံရွာမြို့

(ဏ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးသာသနာရေးဦးစီးဌာန၊ မုံရွာမြို့

(တ) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့

(ထ) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မုံရွာမြို့

(ဒ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန၊ မုံရွာမြို့

(ဓ) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ မုံရွာမြို့

(န) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မုံရွာမြို့

(ပ) တိုင်းဒေသကြီးအထွေထွေမန်နေဂျာ　　အဖွဲ့ဝင်
တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မုံရွာမြို့

(ဖ) တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ　　အဖွဲ့ဝင်
တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မုံရွာမြို့

(ဗ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ
တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့

(ဘ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မုံရွာမြို့

(မ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မုံရွာမြို့

(ယ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့

(ရ) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မုံရွာမြို့

(လ) တိုင်းဒေသကြီးပညာရေးမှူး　　အဖွဲ့ဝင်
တိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့

(ဝ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန၊ မုံရွာမြို့

(သ) ညွှန်ကြားရေးမှူး (မြို့ပြ) — အဖွဲ့ဝင်
တိုင်းဒေသကြီးလမ်းဦးစီးဌာန၊ မုံရွာမြို့

(ဟ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့

(ဠ) တိုင်းဒေသကြီးဦးစီးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မုံရွာမြို့

(အ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၈-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာမှတ် (၆၆/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၆ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့် အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၉ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦး အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးခိုင်ထွန်းဦး သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာန၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ** (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီး** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကို ဆိုသည်။

(ဂ) **ဌာန၊ အဖွဲ့အစည်း** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကို ဆိုသည်။

(င) **လွှတ်တော်** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဆ) **ကော်မတီ သို့မဟုတ် အဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ရန် လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို တင်သွင်းခြင်းနှင့် စိစစ်အကြံပြုခြင်း

၃။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ မူဝါဒ၊ ဗျူဟာလုပ်ငန်းစဉ်များနှင့် အညီ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ရေးဆွဲပြုစုပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်သို့ နှစ်စဉ် မတ်လ ၇ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ ဥက္ကဋ္ဌသည် ကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၃ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို စိစစ်ပြီးပါက ငွေကြေးဆိုင်ရာ သုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၅။ လွှတ်တော်သည် ပုဒ်မ ၄ ပါ ကော်မတီ သို့မဟုတ် အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး အဆုံးအဖြတ် ရယူထားသော လျာထားချက်ကို အစိုးရအဖွဲ့ထံသို့ ပြန်လည်ပေးပို့ရမည်။

### လျာထားချက်တင်သွင်းစဉ် ပူးတွဲပါရှိရမည့်အချက်များ

၆။ အစိုးရအဖွဲ့သည် လွှတ်တော်သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက် တင်သွင်းရာတွင် ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများအပြင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲ တင်ပြရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်၊

(ခ) အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်၏ ရှင်းလင်းတင်ပြချက်တွင် အောက်ပါအချက်များ ပါဝင်ရမည်-

(၁) နှစ်လတ်ဘဏ္ဍာရေး လျာထားချက်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ စီးပွားရေးအခြေအနေဖော်ပြချက်၊

(၃) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်များ၊

(၄) အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်၏ ယမန်နှစ် ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊

(၅) ဌာန၊ အဖွဲ့အစည်းအလိုက် ယမန်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ၊

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ကြွေးမြီအရပ်ရပ်အခြေအနေတင်ပြချက်။

(ဂ) ပြည်သူများ လွယ်ကူရှင်းလင်းစွာသိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ် ဖော်ပြချက်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အစိုးရအဖွဲ့မှ ခွင့်ပြုထားသော မည်သည့် စီမံကိန်းကို မဆို စီမံကိန်းအမျိုးအစားများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အခွန်ရငွေစာရင်းများ။

**နှစ်လတ်ဘဏ္ဍာရေးလျာထားချက်**

၇။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်တင်ပြရာတွင် ယမန်နှစ်ဘဏ္ဍာရေးနှစ်၏ ရှေ့ပြေးအမှန်စာရင်း၊ လက်ရှိဘဏ္ဍာရေးနှစ်၏ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့် ဘဏ္ဍာရေးနှစ် နှစ်နှစ်အတွက် မျှော်မှန်းချက်စာရင်းများကို လက်ရှိဘဏ္ဍာရေးနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များပါဝင်စေလျက် ဖော်ပြရမည်-

(က) ရငွေ၊

(ခ) သုံးငွေ၊

(ဂ) ဘတ်ဂျက်လိုငွေ၊

(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း၊

(င) ကြွေးမြီလျာထားချက်။

၈။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရေးဆွဲရာတွင် ရှေ့လာမည့် ဘဏ္ဍာရေးနှစ် နှစ်နှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွက် လျာထားသည့် ထောက်ပံ့ငွေနှင့် ချေးငွေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ ကြိုတင်သိရှိနိုင်ရန် ထည့်သွင်းလျာထားဖော်ပြရမည်။

၉။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထားအသုံးစာရင်း၊ ရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်တို့ကို ဖော်ပြရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ စီးပွားရေးအခြေအနေဖော်ပြချက်**

၁၀။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ စီးပွားရေးအခြေအနေဖော်ပြချက်နှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) ဂျီဒီပီ (GDP) တိုးတက်မှုနှုန်း၊

(ဂ) အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာအခြေအနေ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏စီးပွားရေးအခြေအနေ အလားအလာများ။

## အခန်း (၃)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်းနှင့် စိစစ်အတည်ပြုခြင်း

၁၁။ အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ထောက်ပံ့ငွေအပါအဝင် ရေးဆွဲထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရမည်။

၁၂။ ဥက္ကဋ္ဌသည် ကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၁၁ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို စိစစ်ပြီးပါက ငွေကြေးဆိုင်ရာသုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၁၃။ လွှတ်တော်သည် ပုဒ်မ ၁၂ ပါ ကော်မတီ သို့မဟုတ် အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

**ဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိရမည့်အချက်များ**

၁၄။ ပြည်ပချေးငွေနှင့် ထောက်ပံ့ငွေများကို ဌာန၊ အဖွဲ့အစည်းအလိုက် ဖော်ပြရမည်။

၁၅။ ဌာန၊ အဖွဲ့အစည်းများက ပြည်တွင်းနှင့် ပြည်ပမှ ငွေချေးယူခြင်းအတွက် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေပါအတိုင်း ဆောင်ရွက်ရမည့်အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း တင်သွင်းရာတွင် ထည့်သွင်းဖော်ပြရမည်။

၁၆။ အစိုးရအဖွဲ့သည် လွှတ်တော်သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရာတွင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အရအသုံးခန့်မှန်းခြေငွေစာရင်း၊

(ခ) ဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်။

## အခန်း (၄)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့် ဥပဒေကြမ်းကို တင်သွင်းခြင်း

၁၇။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးလျာထားချက်ကို တင်သွင်းရန်ရှိပါက လွှတ်တော်သို့ နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရမည်။

၁၈။ အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအား နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့်ရက်မှ ရုံးပိတ်ရက်မပါ သုံးရက်အတွင်း ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ထောက်ပံ့ငွေအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နှစ်စဉ်နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရမည်။

**လျာထားချက်နှင့် ဥပဒေကြမ်းကို စိစစ်အကြံပြုခြင်းနှင့် အတည်ပြုခြင်း**

၁၉။ ဥက္ကဋ္ဌသည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၈ တို့ပါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့် ဥပဒေကြမ်းတို့ကို စိစစ်ပြီးပါက ငွေကြေးဆိုင်ရာသုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာသုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၂၀။ လွှတ်တော်သည် ပုဒ်မ ၁၉ ပါ ကော်မတီ သို့မဟုတ် အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)

## အစီရင်ခံစာ တင်သွင်းခြင်း

၂၁။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို နှစ်စဉ် မေလ နောက်ဆုံးပတ်ထက် နောက်မကျစေဘဲ အစိုးရအဖွဲ့၏ ကိုယ်စားအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်ဝန်ကြီးက လွှတ်တော်သို့ တင်ပြရမည်။

၂၂။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ပတ်လည် အစီရင်ခံစာကို အစိုးရအဖွဲ့၏ကိုယ်စား အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်ဝန်ကြီးက လွှတ်တော်သို့ တင်ပြရမည်။

**အခန်း (၆)**

**အထွေထွေ**

၂၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

**အဋ္ဌမနေ့မှတ်တမ်း**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်)

## ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ် ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ် (ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ယနေ့ကျွန်မမေးမြန်းမယ့်မေးခွန်းက ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းမေးမြန်းဖို့အတွက် ကျွန်မအနေနဲ့ ပထမဦးစွာ မေးမြန်းရတဲ့ရည်ရွယ်ချက်ကို အကျဉ်းမျှဆွေးနွေးပါရစေ။ ၂၀၁၁ ခုနှစ်တုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြောပါတယ်။ လူတွေသောက်သင့်တဲ့ရေသန့်ဆိုလို့ရှိရင် အချက်လေးချက်နဲ့ညီညွတ်သင့်တယ်လို့ ဆိုပါတယ်။ အဲဒါကဘာလဲဆိုတော့ ပထမဦးဆုံးအချက်အနေနဲ့ အဏုဇီဝပိုးမွှားဆိုင်ရာရှုထောင့်ကနေကြည့်မယ်ဆိုလို့ရှိရင် လူတွေရဲ့ဘေးဥပဒ်ဖြစ်စေတဲ့ ပိုးမွှားတွေမပါဝင်ဖို့၊ နံပါတ် (၂) အချက်အနေနဲ့ ဓာတ်သတ္တုဆိုင်ရာရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း လူတွေအတွက် ကျန်းမာရေးကိုအဆိပ်သင့်စေနိုင်တဲ့ ဓာတ်သတ္တုတွေ ရေထဲမှာပျော်ဝင်မနေစေဖို့နဲ့ ရေရှည်မှာ ကင်ဆာအဖြစ် ပြောင်းလဲစေနိုင်တဲ့ ဓာတ်သတ္တုတွေ ရေထဲမှာမပျော်ဝင်စေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ် (၃) အချက်အနေနဲ့ ရေဒီယိုဓာတ်ကြွမှုဆိုင်ရာရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း ရေဒီယိုဓာတ်ကြွပစ္စည်းတွေဟာ ရေထဲမှာပါဝင်မနေစေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ် (၄) အချက်အနေနဲ့ ရေရဲ့အရောင်၊ အနံ့၊ အဆင်း၊ အရသာဟာလည်း လူတွေလက်ခံနိုင်ဖွယ်ရာ ဖြစ်ရမယ်လို့ဆိုပါတယ်။ အဲဒီတော့ ကျွန်မဒီနေ့မေးမြန်းတဲ့မေးခွန်းက ကျွန်မတို့နိုင်ငံရဲ့ဈေးကွက်မှာ ယနေ့ ရေသန့်ဆိုပြီးရောင်းချနေတဲ့၊ ပြည်သူတွေတန်ဖိုးတစ်ခုပေးပြီးတော့ ဝယ်ယူသောက်သုံးနေရတဲ့ ရေသန့်တွေဟာ အထက်ပါအချက်လေးချက်နှင့် တတ်အားသရွေ့ ညီညွတ်စေဖို့အတွက် ကျွန်မရဲ့မေးခွန်းက ရည်ရွယ်တာဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးရှင်။** ။ ဒီလိုကျန်းမာရေးနှင့်ညီညွတ်တဲ့ရေသန့်များကို ပြည်သူများအနေနဲ့ ဝယ်ယူသောက်သုံးခွင့်ရဖို့ဆိုတာကလည်း ဒီရေသန့်တွေ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သယ်ယူ၊ ရောင်းချတဲ့စနစ်အဆင့်ဆင့်တွေမှာ ကျန်းမာရေးနှင့်ညီညွတ်နိုင်တဲ့ လိုက်ပါဆောင်ရွက်နိုင်ဖွယ်ရာများကို လိုက်ပါဆောင်ရွက်နိုင်မှသာလျှင် ကျွန်မတို့က ဒီအခွင့်အရေးကို ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစနစ်အဆင့်ဆင့်မှာ ကျွန်မတို့ ဘယ်လိုကြီးကြပ်ဆောင်ရွက်နေတာလဲ။ ဒါကို ပြည်သူလူထုသိရှိဖို့နဲ့ ကျွန်မတို့သတိပြုနိုင်ဖို့အတွက် ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါကြောင်း ထပ်မံရှင်းလင်းအပ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဥပမာအနေနဲ့ဆိုရင် ရေသန့်တွေထုတ်လုပ်တဲ့အခါမှာ ဒီရေသန့်တွေမှာပါဝင်တဲ့ ဘက်တီးရီးယားပိုးမွှားတွေကို အတိုင်းအတာတစ်ခုအထိ လျော့ကျနည်းပါးသေစေဖို့အတွက်ဆိုရင် စက်ရုံတွေမှာသုံးတဲ့နည်းလမ်းတွေက Ozone Generator ဒါမှမဟုတ်ရင် UV မီးချောင်းတွေကို သုံးတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီမှာသုံးတဲ့ UV မီးချောင်းတွေဟာ တချို့နားမလည်တဲ့ဒေသတွေမှာ ဆိုလို့ရှိရင် အလှမွေးငါးကန်တွေမှာသုံးတဲ့ မီးချောင်းတွေနဲ့ရောညှပ်ပြီးသုံးခြင်းဟာ အင်မတန်မှအန္တရာယ်များပါတယ်။ နောက် ဒီ UV မီးချောင်းတွေရဲ့အာနိသင်ဟာ အချိန်အတိုင်းအတာတစ်ခုကိုရောက်တဲ့အခါမှာ ပိုးမွှားတွေသေစေတဲ့အစွမ်းကလည်း အာနိသင်ကနည်းပါးတတ်ပါတယ်။ အဲဒါကြောင့်မို့လို့ အချိန်အတိုင်းအတာတစ်ခုရောက်တိုင်း ဒီမီးချောင်းတွေဟာ လဲလှယ်ပြီးတော့သုံးရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမီးချောင်းများကို အဲဒီလိုမျိုး မလဲလှယ်ဘဲနဲ့ မီးချောင်းကျွမ်းမှသာသုံးလို့ရှိရင် ဒီစက်ရုံကထွက်လာတဲ့ရေသန့်တွေဟာ ဘက်တီးရီးယားပိုးမွှားတွေ မပါဝင်တဲ့ ရေသန့်များဖြစ်ဖို့ဆိုတာက စိတ်မချရတော့ပါဘူး။ ဒါကြောင့်မို့လို့ ထုတ်လုပ်ခြင်းအဆင့်မှာလည်း ဒါကိုကြီးကြပ်ဖို့ လိုက်နာကြဖို့အတွက် လိုအပ်နေတယ်ဆိုတာကို ကျွန်မက ဆွေးနွေးလိုခြင်းဖြစ်ပါတယ်။

ဒီရေသန့်စက်ရုံမှာ အသုံးပြုတဲ့ရေသန့်ဘူးတွေကို နောက်ဆုံးသန့်စင်ရမယ့်ရေဟာ ရေသန့်နဲ့သာသုံးရမယ်ဆိုပေမဲ့လည်း ဒီသတ်မှတ်ချက်ကိုလိုက်နာတဲ့စက်ရုံတွေဟာလည်း အတိုင်းအတာတစ်ခုပဲရှိတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ ကျွန်မတို့အနေနဲ့ ထပ်မံလေ့လာကြည့်တဲ့အခါမှာ ရေသန့်စက်ရုံတွေမှာ ဒီစက်ရုံက အစဉ်သဖြင့်ထွက်ရှိလာတဲ့ရေသန့်တွေကို အစဉ်တစိုက် ထိန်းသိမ်းပြီးတော့ ဓာတ်ခွဲနေတာမျိုးကို ပြုလုပ်လေ့မရှိကြဘဲနဲ့ ဒီရေသန့်များကို FDA ထောက်ခံချက်ရဖို့အတွက် ဆောင်ရွက်စဉ်ကပဲ ရေသန့်ဓာတ်ခွဲမှုကိုပြုလုပ်လေ့ရှိကြတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ရေသန့်စက်ရုံများမှာ မိမိတို့စက်ရုံတွေက ထွက်ရှိလာတဲ့ရေသန့်ကို အစဉ်တစိုက်အရည်အသွေးကိုစစ်ဆေးပြီးတော့ ဓာတ်ခွဲနိုင်တဲ့၊ မှတ်တမ်းတင်တဲ့ဌာနများလည်းရှိသင့်ဖို့အတွက်လည်း တိုက်တွန်းလမ်းညွှန်ပေးဖို့လိုတဲ့အတွက်လည်း ကျွန်မမေးမြန်းရခြင်းဖြစ်ပါတယ်။

သယ်ယူဖြန့်ဖြူးရောင်းချတဲ့စနစ်မှာဆိုလို့ရှိရင်လည်း ရေတွေကို နေရောင်ခြည်နဲ့တိုက်ရိုက် အချိန်အကြာကြီးမထိတွေ့စေဖို့လည်း လမ်းညွှန်ဖို့လိုအပ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရောင်ခြည်နဲ့ကြာရှည်စွာထိတွေ့ရလို့ရှိရင် ရေတွေကနေပြီးတော့ ဓာတ်တိုးမှုများဖြစ်ပေါ်လာပြီးတော့ တချို့ဓာတ်ပေါင်းတွေဟာ ရေရှည်မှာကင်ဆာဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေလည်း သိရှိလာရတဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မ ဒီမှာ ပြသထားတာကတော့ ရေမသန့်ရှင်းမှုကြောင့်ဖြစ်ပေါ်လာတဲ့ရောဂါတွေဖြစ်ပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်စာလုံးများနှင့်ပဲ ကျွန်မဖော်ပြထားခြင်းကို ခွင့်ပြုပေးဖို့ တောင်းပန်အပ်ပါတယ်။ ဒါကလည်း ရေကြောင့်ဖြစ်ပွားလေ့ရှိတဲ့ အဖြစ်များတဲ့ရောဂါတွေကို ကျွန်မပြသထားတာပဲဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့ ဓာတ်သတ္တုတွေကြောင့်မို့လို့ ဓာတုပစ္စည်းတွေကြောင့်မို့လို့ဖြစ်တဲ့၊ ဖြစ်နိုင်တဲ့နေရာတွေပြသထားတာဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့၊ အဖြစ်များတဲ့ ခဲ၊ မာကျူရီ၊ အာဆင်းနစ်ဓာတ်ပေါင်းတွေပါရင် လူတွေမှာဖြစ်နိုင်တာကို ပြသထားတာဖြစ်ပါတယ်။ ဒါကတော့ ရေကိုသယ်ယူတဲ့အခါမှာ ဒီလိုစနစ်ကိုလုပ်သင့်တာကို ပြသထားတာဖြစ်ပါတယ်။ ဒါကလည်း ရေကို ကျန်းမာရေးနဲ့ညီညွတ်ဖို့အတွက် သယ်ယူခြင်းစနစ် အသုံးပြုရာမှာ ပြသထားတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်မ ဒီမှာဆွေးနွေးတဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ရေသန့်စနစ်ကို ထုတ်လုပ်ဖြန့်ဖြူးသယ်ယူတဲ့အခါမှာ ကုန်ကျစရိတ်တွေလည်း ရှိလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ကလည်း လိုအပ်တဲ့ပံ့ပိုးကူညီမှု၊ ဖြေလျှော့မှုတွေဆောင်ရွက်ပေးသင့်သလို ကြီးကြပ်လမ်းညွှန်ဖို့လည်း လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ အထက်ပါမေးခွန်းကို မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်မဒေါက်တာဒေါ်မြလေးစိန်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ သောက်ရေသန့်လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ထုတ်လုပ်ဖြန့်ဖြူးသယ်ယူရောင်းချတဲ့အခါမှာ ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်လုပ်ဖြန့်ဖြူးသယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေးကြီးကြပ်

ဆောင်ရွက်သည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များကို တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ အချိန်အနည်းငယ်ပိုပေးဖို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။ (၁) ကတော့ မူဝါဒပါ။ သောက်ရေသန့်လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် သောက်ရေသန့်ကွပ်ကဲမှု မူဝါဒ (၃) ရပ်အား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှာ ထုတ်ပြန်ညွှန်ကြားခဲ့ပါတယ်။ ဒါကတော့ ညွှန်ကြားခဲ့တဲ့ ညွှန်ကြားလွှာဖြစ်ပါတယ်။ ရေသန့်ကွပ်ကဲမှု မူဝါဒ (၃) ရပ်ကတော့ (၁) ထောက်ခံချက်မရှိတဲ့ ရေသန့်လုပ်ငန်း၊ ထောက်ခံချက်ရှိ သက်တမ်းကုန်ရေသန့်လုပ်ငန်းနှင့် ထောက်ခံချက်ရှိ သက်တမ်းရှိသော ရေသန့်လုပ်ငန်းဆိုပြီးတော့ ဒီသုံးခုကနေပြီးတော့ ရပ်ဆိုင်းမယ်၊ ကတိကဝတ် လက်မှတ်ရေးထိုးမယ်။ ဈေးကွက်က ပြန်ရုပ်သိမ်းမယ်။ ထောက်ခံချက်အတိုင်း လျှောက်ခိုင်းမယ် စတဲ့ ကွန်မတို့ရဲ့ မူဝါဒတွေနှင့် ဆောင်ရွက်လျက်ရှိပါတယ်။

ဈေးကွက်မတိုင်မီစိစစ်ခြင်းအနေဖြင့် ဈေးကွက်ကိုမတင်မီ Good Manufacturing Practice (GMP) နှင့် ညီညွတ်စွာထုတ်လုပ်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ သောက်ရေသန့်နမူနာ ကောက်ယူဓာတ်ခွဲစစ်ဆေးခြင်း၊ အမှတ်တံဆိပ်သတ်မှတ်ချက်များနှင့် ညီ၊ မညီစစ်ဆေးခြင်း၊ အထက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အစားအသောက်ထုတ်လုပ်ခြင်း၊ ထောက်ခံချက်ထုတ်ပေးပြီး သက်တမ်းနှစ်နှစ်ရှိပါသည်။ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်း အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ထောက်ခံချက်လျှောက်ထားမှုလုပ်ငန်းစဉ် မြန်စေရေးအတွက် စက်ရုံကွင်းဆင်းစစ်ဆေးသည်မှစ၍ ထောက်ခံချက် ထုတ်ပေးနိုင်သည့်အဆင့်အထိ စိစစ်ပြီး One Page Report ဖြင့် နေပြည်တော်ရုံးချုပ်သို့ ထောက်ခံတင်ပြပေးခြင်း စနစ်အား ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်တင်ပြီးနောက် စိစစ်ခြင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်များအား ဈေးကွက်နမူနာကောက်ယူဓာတ်ခွဲစစ်ဆေး၍ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါက ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ခံဝန်ကတိထိုး၍ ထုတ်လုပ်မှု ယာယီရပ်ဆိုင်းခြင်း၊ လိုက်နာမှုမရှိပါက အစားအသောက်ဥပဒေအရ တရားစွဲဆိုခြင်းများနှင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဆိုပါက အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိပြီးမှသာ ဈေးကွက်တင်ခွင့် ရရှိမှာဖြစ်ပါတယ်။ ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာတွင် ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးနေသည်ကို တွေ့ရှိပါက ရေသန့်များကွပ်ကဲမှုမူဝါဒအရ ၎င်းစက်ရုံအား ချက်ချင်းပိတ်သိမ်းအရေးယူပြီး ဈေးကွက်တွင်း ဖြန့်ဖြူးထားသောထုတ်ကုန်များအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ဝန်ခံကတိ ရေးထိုးခြင်းနှင့် ထောက်ခံချက်အမြန်ဆုံး လျှောက်ထားရန် ညွှန်ကြားခြင်းတို့ကို ဆောင်ရွက်နေပါတယ်။

စီမံချက်အနေနဲ့ စားသုံးမှုများသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရန် ဈေးကွက် ထောက်လှမ်းရေး လုပ်ငန်းစီမံချက်အား ၂၀၂၀ ပြည့်နှစ်၊ မတ်လမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရေးဆွဲထားပြီး တစ်တိုင်းပြည်လုံးအနေဖြင့် ဆောင်ရွက်လျက်ရှိရာ သောက်ရေသန့်နမူနာ ကောက်ယူစစ်ဆေးခြင်းလည်း ပါဝင်ပါတယ်။ သင်တန်းပေးခြင်းများတွင် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၁၁) ကြိမ်ပြုလုပ်ခဲ့ပြီး သင်တန်းသား ၅၀၃ ဦးတက်ရောက်ခဲ့ပါတယ်။ ကချင်ပြည်နယ် လစဉ်စီမံချက်များရေးဆွဲ၍ အသိပညာပေးလုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ကရင်ပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များအသင်းအား ဖွဲ့စည်း၍ ပညာပေးသင်တန်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နှစ်ကြိမ်ဆောင်ရွက်ပေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေသန့်လုပ်ငန်းများအား သင်တန်းပို့ချရေး သင်တန်းဆင်း လက်မှတ်များပေးအပ်ခြင်း၊ ခရိုင်နှင့် မြို့နယ်များတွင် အဆိုပါသင်တန်းများပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် Bottle Drinking Water Safety Project ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှောင်တခင်စစ်ဆေးနိုင်ရေးအတွက် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကော်မတီများနှင့် ဆွေးနွေး၍ စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းပေးပြီးလုပ်ငန်းများအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်၍ စနစ်တကျလိုက်နာဆောင်ရွက်ခြင်းမရှိပါက ဖော်ပြပါအတိုင်း ဆောင်ရွက်လျက် ရှိပါတယ်။

အသိပညာပေးခြင်းအနေဖြင့် သောက်ရေသန့်ဘူးများအား သိုလှောင်ရာတွင် ပူလွန်းသောနေရာ သို့မဟုတ် နေရောင်ခြည်တိုက်ရိုက်တွေ့ထိသောနေရာများတွင် မထားရှိရန်၊ အမိုး၊ အကာအောက် အေးမြ၍ ခြောက်သွေ့သော နေရာတွင်ထားရှိရန်၊ သောက်ရေသန့်ဘူးများအား သယ်ယူဖြန့်ဖြူးရာတွင် အမိုး၊ အကာပါသောကားများဖြင့် သယ်ယူဖြန့်ဖြူးရန်တို့ကို ထောက်ခံချက်ထုတ်ပေးစဉ် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အသိပညာပေးခြင်းတွင် ပလတ်စတစ်အသုံးပြုထုပ်ပိုးသော စားသောက်ကုန်များ နေရောင်ခြည်နှင့် အချိန်ကြာမြင့်စွာ တိုက်ရိုက်ထိတွေ့ခြင်း မရှိစေရေး၊ အစားအသောက်အန္တရာယ်ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်

ဆောင်ရွက်လျက်ရှိပါတယ်။ သတိပြုဖွယ် ပလတ်စတစ်အစားအသောက်ကုန် ထုပ်ပိုးပစ္စည်းအန္တရာယ်နှင့် ပလတ်စတစ်နှင့်ပြုလုပ်ထားသော အစားအသောက်ထုပ်ပိုးပစ္စည်းများနှင့်ပတ်သက်၍ သိကောင်းစရာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် FDA Website များမှာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ထုတ်ပြန်ထားတဲ့ ထုပ်ပိုးပစ္စည်းရဲ့အန္တရာယ်နှင့်ပတ်သက်တဲ့ လက်ကမ်းစာစောင်တွေဖြစ်ပါတယ်။ အသိပညာပေးခြင်းအစီအစဉ်များကို ၂၀၁၇ ခုနှစ်မှာ ၁၃၃ ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ ၂၀၅ ကြိမ်၊ ၂၀၁၉ ခုနှစ်မှာ ၁၇၇ ကြိမ်၊ ၂၀၂၀ ပြည့်နှစ်မှာလည်း အသိပညာပေးခြင်းအစီအစဉ်များ ဆက်လက်ဆောင်ရွက်နေပါတယ်။ သောက်ရေသန့်ဘူးများ သယ်ယူဖြန့်ဖြူးရောင်းချခြင်းကို နှီးနွှယ်ဌာနများနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းများ၊ လိုအပ်ပါက လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဖောက်ဖျက်ပါက အရေးယူပေးနိုင်ရန် နှီးနွှယ်ဌာနများ ဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီအဖွဲ့များကိုလည်း ညှိနှိုင်းအကြောင်းကြား ပေးနိုင်ပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ပြီးတော့ တင်ပြပြီးဆောင်ရွက်လျက်ရှိနေပါတယ်။ သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးဈေးကွက်တင်ရောင်းချခြင်းများအား ကြီးကြပ်ကွပ်ကဲရန် ညွှန်ကြားချက်များထုတ်ခြင်း၊ သောက်ရေသန့်လုပ်ငန်းများ ထောက်ခံချက်လျှောက်ရာတွင် လိုက်နာရမည့်အချက်များ ကြေညာချက်များထုတ်ခြင်း၊ လက်ရှိဖြစ်ပွားနေသော Corona Virus Disease 2019 (COVID-19) ကာကွယ် ထိန်းချုပ်ရေးနှင့်ပတ်သက်၍ သောက်ရေသန့်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် အထူးသတိပြု လိုက်နာဆောင်ရွက်ရမည့် ကြေညာချက်များထုတ်ပြန်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတင်ပြမယ့်အချက်တွေကတော့ ကျွန်မတို့ရဲ့ညွှန်ကြားချက်တွေ ဖြစ်ပါတယ်။ သောက်ရေသန့် လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးဈေးကွက်တင်ရောင်းချခြင်းအား ကြီးကြပ်ကွပ်ကဲမှုနှင့်ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲများကို စိစစ်ရန်အတွက် ညွှန်ကြားချက်များထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ခုက စားသောက်ကုန်ထုတ်လုပ်တဲ့အခါမှာ ထုပ်ပိုးရာမှာအသုံးပြုတဲ့ ပလတ်စတစ်တွေဟာ Good Grade Plastic ကိုအသုံးပြုရန်အတွက် ညွှန်ကြားချက်တွေ ထုတ်ထားတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ Corona Virus ဖြစ်တဲ့အခါမှာလည်း Virus ကြောင့် ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီးတော့ ကြေညာချက်တွေ ထုတ်ပြီးတော့ ရေသန့်နှင့်ပတ်သက်ပြီးတော့ ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ သောက်ရေသန့်လုပ်ငန်းတွေကို ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်များကို ဌာနရဲ့ဝက်ဆိုဒ်မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှာ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ လမ်းညွှန်ချက်များကတော့ (၁) သက်ဆိုင်ရာနယ်ပယ်၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ စတဲ့အချက်ပေါင်း (၁၉) ချက်ပါတယ်။ စက်ရုံရဲ့တည်နေရာ၊ အဆောက်အဦ၊ ဖွဲ့စည်းပုံ၊ အခန်းတွင်းအပြင်အဆင်၊ ရေအရင်းအမြစ်၊ ရေသွယ်တန်းအသုံးပြုခြင်း၊ ရေသန့်စင်စက်များ၊ သောက်ရေသန့်ထည့်သွင်းသည့်ဘူးကို ဝန်ထမ်း၊ သောက်သုံးရေသန့် ထုတ်လုပ်သည့်လုပ်ငန်းစဉ်၊ အမှတ်တံဆိပ်ကပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရေစွန့်ပစ်ခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပိုးမွှားထိန်းချုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အထောက်အပံ့ပစ္စည်းများ၊ မှတ်တမ်းများ စသဖြင့်ဆောင်ရွက်ထားပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ Website မှာလည်း သက်တမ်းရှိတဲ့ သောက်ရေသန့်လုပ်ငန်းများရဲ့စာရင်းကို လစဉ်ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိနေ ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းစနစ် ပေါ်ထွက် လာစေရန်အတွက် ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသုံးသူများသိရှိလိုက်နာရန်အတွက် Website များ၊ လူမှုကွန်ရက်စာမျက်နှာမှာ အားလုံးကို အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းမှုမရှိသောအခြေအနေများနှင့် သိုလှောင်ထားပါက အမျိုးသားအစားအသောက် ဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာအေဇင်လတ် (ရွှေဘိုမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးမှ ပြည့်စုံစွာဖြေကြားသွားတာကို ကျွန်မအနေနဲ့ ကျေးဇူးတင် ရှိကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ဖြေကြားသွားတဲ့အခါမှာ ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်နှင့် စပ်လျဉ်းတဲ့မေးခွန်းမှာ ပညာပေးခြင်းမှာ အားရဖွယ်ရာကောင်းလောက်အောင်ကို အကြိမ်အရေများနှင့် ဆောင်ရွက်ထားတာကိုလည်း ကျွန်မအနေနဲ့ အသိအမှတ်ပြုကျေးဇူးတင်ရှိပါတယ်။ ကြီးကြပ်ဆောင်ရွက်တဲ့အပိုင်းမှာ ကျွန်မသိလိုတဲ့ ဆက်စပ်နှစ်ချက်ကိုပဲ ထပ်မံမေးခွင့်ပြုပါရှင်။ ပထမအချက်အနေနဲ့ ကြီးကြပ်ဆောင်ရွက်ခြင်းမှာ စောစောက ကျွန်မမေးမြန်းစဉ်မှာလည်း ပါရှိခဲ့ပါတယ်။ စက်ရုံကထွက်ရှိလာတဲ့ ရေသန့်ရဲ့ အရည်အသွေးကို အစဉ်တစိုက်ဖြင့်ကြည့်ရှုမှတ်တမ်းတင်တဲ့ မှတ်တမ်းဌာနမျိုး အဲဒီရေသန့်စက်ရုံတွေမှာထားရှိဖို့ အစိုးရအနေနဲ့ အကြံပြုတိုက်တွန်းဖို့ အစီအစဉ် ရှိ၊ မရှိ ကျွန်မသိလိုပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ ခုနတုန်းက ဒုတိယဝန်ကြီးက ဖြေသွားတယ်။ ဘယ်လိုမျိုးတွေ လိုက်နာဆောင်ရွက်ရမယ်။ အမိုးအကာတွေနဲ့သယ်ရမယ်။ ဘယ်လိုနေရာမှာထားရမယ်။ အကယ်၍ ဥပမာအနေနဲ့ ကျွန်မပြောလိုခြင်းဖြစ်ပါတယ်။ အဲဒီသတ်မှတ်ထားတဲ့သတ်မှတ်ချက်တွေ မညီညွတ်ဘဲနဲ့ မလိုက်နာတဲ့ရေသန့်စက်ရုံမျိုးတွေ့ရှိခဲ့လို့ ရှိရင်ရော ဘယ်လိုမျိုးအရေးယူမှုများ ပြုလုပ်သလဲဆိုတာကို ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းမှာထည့်သွင်းမေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့မေးခွန်းကို အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ စက်ရုံတွေမှာဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေအားလုံးကို ချမှတ်တဲ့အခါမှာ ခုနလွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ကိစ္စတွေလည်း ပါဝင်ပါတယ်။ ကျွန်မအသေးစိတ်မတင်ပြပါဘူး။ ကျွန်မတို့ရဲ့ ဆောင်ရွက်ရန်လမ်းညွှန်ချက်တွေဟာ အများကြီးဆောင်ရွက်ထားပါတယ်။ အဲဒီထဲမှာ တင်ပြထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဲဒီလိုမဆောင်ရွက်လို့ရှိရင် ကျွန်မတို့မှာ အစားအသောက်နဲ့ဆိုင်တဲ့ဥပဒေရှိပါတယ်။ အဲဒီဥပဒေကလည်း ပြန်ပြီး Revise လုပ်ထားပြီးသားဖြစ်ပါတယ်။ ဒီဥပဒေတွေအရ ကျွန်မတို့အရေးယူဆောင်ရွက်နိုင်ခြင်းရှိပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးမြန်းသွားတဲ့မေးခွန်းဟာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ မှာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ မေးခွန်းများ၊ ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းပြီး နိုင်ငံတော်ပိုင်သတင်းစာများမှာ ဖော်ပြခြင်းကို ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ယခုမေးခွန်းနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၃၅၄/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးရဲရင့်ဝင်း<br>တ/၃၃၁၃ | ကန့်ဘလူ<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒေါ်ချူးမျက်ချယ်<br>တ/၃၄၅၁ | မင်းဘူး<br>မကွေးတိုင်းဒေသကြီး |
| ၃။ | ဦးနိုင်ထက်အောင်<br>တ/၃၄၈၅ | နမ္မတူ<br>ရှမ်းပြည်နယ် |
| ၄။ | ဦးကပ်ခန့်ပေါင်<br>တ/၃၅၁၅ | တီးတိန်<br>ချင်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၅၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
